Panasonic

# အသုံးပြုပုံလမ်းညွှန်
# (အိမ်သုံးသီးသန့်) လက်ကိုင်အသုံးပြုနိုင်သောလျှပ်စစ်မီးပူ

Model No. NI-GHF025

Myanmar

## မာတိကာ


ဘေးကင်းရန်ကြိုတင်သတိပေးချက် ---------- 04-14
အစိတ်အပိုင်းများအကြောင်းရှင်းပြခြင်း ---------- 15
အသုံးပြုပုံ ---------- 16-19
အသုံးပြုပြီး ---------- 20
သန့်ရှင်းရေးပြုလုပ်ခြင်း ---------- 21
သတ်မှတ်ချက်များ ---------- 22
ချို့ယွင်းမှုအဖြေရှာခြင်း ---------- 23-24


ဤမီးပူအား ဝယ်ယူအသုံးပြုသည့်အတွက် ကျေးဇူးတင်ပါသည်။
ကျေးဇူးပြု၍ လမ်းညွှန်ချက်အပြည့်အစုံအား အသုံးမပြုမီ ဖတ်ပါ။
နောက်နောင်အသုံးပြုရာတွင် မှီငြမ်းနိုင်အောင်သိမ်းထားပါ။

# ဘေးကင်းရန် ကြိုတင်သတိပေးချက်

လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ထိခိုက်ဒဏ်ရာရခြင်း၊မီးကျွမ်းခြင်း၊အသက်အန္တရာယ်ဖြစ်ခြင်း၊ အသုံးအဆောင်များသို့မဟုတ် အဆောက်အဦများ ပျက်စီးခြင်းစသည့် ဆုံးရှုံးမှုများကိုလျော့နည်းစေရန်အောက်ပါဘေးကင်းရန်ကြိုတင်သတိပေးချက်များကို အစဉ်တစ်စိုက်မှတ်သားလိုက်နာပါ။

## သင်္ကေတများအားရှင်းလင်းချက်

အောက်ပါ သင်္ကေတများသည်ဖော်ပြချက်များအတိုင်းမဟုတ်ဘဲ မှားယွင်းစွာ အသုံးပြုမိခြင်းကြောင့်ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်ခြင်း၊ ဒဏ်ရာရခြင်းနှင့် စက်ပစ္စည်းပျက်စီးခြင်းကြောင့်ဖြစ်ပေါ်လာနိုင်သည့်အန္တရာယ်အနည်းအများကို ဖော်ပြခြင်းဖြစ်သည်။

| | |
|---|---|
| ⚠ သတိပေးချက် | ပြင်းထန်သောထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ်သေဆုံးခြင်းကိုဖြစ်စေနိုင်သည့်အန္တရာယ်ကိုဖော်ပြသည်။ |
| ⚠ တားမြစ်ချက် | ထိခိုက်ဒဏ်ရာအသေးစား သို့မဟုတ် ပိုင်ဆိုင်သည့် အရာဝတ္ထုများကို ပျက်စီးနိုင်သည့်အန္တရာယ်ကိုဖော်ပြသည်။ |

အောက်ပါသင်္ကေတများသည် လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်အမျိုးအစားတို့ကို ခွဲခြားဖော်ပြသည်။

| | |
|---|---|
|  | ဤသင်္ကေတသည် အသုံးပြုသူအား မလုပ်ဆောင်ရမည့်အကြောင်းအရာကို အချက်ပေးဖော်ပြသည်။ |
|  | ဤသင်္ကေတသည် အသုံးပြုသူအား ဘေးကင်းစွာအသုံးပြုနိုင်ရန် လုပ်ဆောင်ရမည့်အကြောင်းအရာကို အချက်ပေးဖော်ပြသည်။ |

# ⚠ သတိပေးချက်

ပါဝါကြိုး သို့မဟုတ် ပါဝါပလပ်ပေါက်ပျက်စီးနေပါက သို့မဟုတ် ပူနေပါက အသုံးမပြုပါနှင့်။
ပါဝါပလက်သည် ဆော့ကတ်ပေါက်တွင် ချောင်ကျိုကျိုဖြစ်နေပါက လုံးဝ အသုံးမပြုပါနှင့်။
– လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ သို့မဟုတ် လျှပ်စစ်စီးကြောင်းပျက်စီးခြင်းကြောင့် မီးလောင်ခြင်းဖြစ်စေနိုင်ပါသည်။

---

မီးပူအား ဆော့ကတ်ပေါက်တွင် တပ်ဆင်ထားလျက် သတိမမူဘဲ ထားခဲ့ခြင်း မျိုးမပြုလုပ်ပါနှင့်။
– မီးလောင်နိုင်ပါသည်။

---

ရေစိုလက်ဖြင့် ဆော့ကတ်ပေါက်မှ ပါဝါပလပ်ကို ဆွဲမဖြုတ်ပါနှင့်။
. လျှပ်စစ်ရှော့ခ် သို့မဟုတ် ထိခိုက်ဒဏ်ရာရနိုင်ပါသည်။

---

ပါဝါကြိုးကို မပျက်စီးပါစေနှင့်၊မွမ်းမံခြင်းမပြုလုပ်ပါနှင့်၊ကြမ်းတမ်းစွာ မခေါက်ပါနှင့်၊မဆွဲပါနှင့်၊သို့မဟုတ် ပါဝါကြိုးကို မလိမ်ပါစေနှင့်။
ပါဝါကြိုးပေါ်တွင်လေးသောအရာဝတ္ထုကို မတင်ပါနှင့်။
. လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊သို့မဟုတ် လျှပ်စစ်စီးကြောင်းပျက်စီးခြင်းကြောင့် မီးလောင်ခြင်းဖြစ်စေနိုင်ပါသည်။

---

ပါဝါကြိုးကို ပူသောမီးပူမျက်နှာပြင်နှင့်မထိပါစေနှင့်။
. လျှပ်စစ်ရှော့ခ်၊ သို့မဟုတ် ထိခိုက်ဒဏ်ရာရနိုင်ပါသည်။

# ⚠ သတိပေးချက်

ပါဝါကြိုးကိုစည်းလျက်သားအသုံးမပြုပါနှင့်။

- လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း ၊ သို့မဟုတ် လျှပ်စစ်စီးကြောင်းပျက်စီးခြင်းကြောင့် မီးလောင်ခြင်းဖြစ်စေနိုင်ပါသည်။

---

မီးပူအား ကိုယ်တိုင် ပြုပြင်ခြင်း၊ ဖြုတ်တပ်ခြင်း ၊ မွမ်းမံခြင်းတို့မပြုလုပ်ပါနှင့်။

- မီးပွားထွက်ခြင်း၊ သို့မဟုတ် ပုံမှန်မဟုတ်သော အခြေအနေကြောင့် ထိခိုက်ဒဏ်ရာရခြင်းဖြစ်နေနိုင်ပါသည်။တရားဝင်ပြုပြင်ရေးအေးဂျင့်ထံ ဆက်သွယ်ပါ။

---

ရေစိုလက်ဖြင့်အသုံးမပြုပါနှင့်။

- လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊သို့မဟုတ် လျှပ်စစ်စီးကြောင်းပျက်စီးခြင်းကြောင့် မီးလောင့်ခြင်း ဖြစ်စေနိုင်ပါသည်။

---

မီးလောင်စေနိုင်သည့်အရာဝတ္ထုများ(ဘန်ဇင်းကဲ့သို့သောအရာများ)ရှိသော နေရာတွင်အသုံးမပြုပါနှင့်။

- မီးထလောင်ခြင်းဖြစ်စေနိုင်သည်။

---

မီးပူကိုသိမ်းဆည်းရာတွင် ပါဝါကြိုးကို ကိုယ်ထည်နှင့်ကပ်လျှက်မရစ်ပတ်ပါနှင့်။

- ပါဝါကြိုးအတွင်းမှ ဝါယာကြိုးမျှင်များပျက်စီးခြင်း၊ လျှပ်စစ်ရှော့ခ်ဖြစ့်ခြင်း၊ သို့မဟုတ် လျှပ်စစ်စီးကြောင်း ပျက်စီးခြင်းကြောင့် မီးလောက်ခြင်း ဖြစ်စေနိုင်ပါသည်။

---

မီးပူအားရေ သို့မဟုတ် အခြားအရည်တစ်ခုခုအတွင်းသို့မနှစ်ပါစေနှင့်။

- လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ သို့မဟုတ် လျှပ်စစ်စီးကြောင်းပျက်စီးခြင်းကြောင့် မီးလောင်ခြင်း ဖြစ်စေနိုင်ပါသည်။

# ⚠ သတိပေးချက်

Myanmar

အောက်သို့ပြုတ်ကျပြီး ပျက်စီးသည့်သွင်ပြင်လက္ခဏာပြလျှင် သို့မဟုတ် ယိုစိမ့်နေလျှင် အသုံးမပြုပါနှင့်။
- တရားဝင် ဝန်ဆောင်မှုပေးသောပြင်ဆရာနှင့်ပြပါ။

---

ဆော့ကတ်ပေါက် သို့မဟုတ် ဝါယာကြိုး၏ အဆင့်သတ်မှတ်ချက်ကျော်လွန်၍ အသုံးမပြုပါနှင့်။
- ဆော့ကတ်ပေါက်တစ်ခုမှ ပလပ်များစွာ ထိုး၍ အသုံးပြုခြင်းအားဖြင့်အဆင့် သတ်မှတ်ချက်ကျော်လွန်ပါက အပူလွန်ကဲပြီးမီးလောင်စေနိုင်ပါသည်။

---

မီးပူတွင်ဖော်ပြထားသော ဗို့အားနှင့်ကိုက်ညီသည့် လျှပ်စစ်မီးအားဖြင့် အသုံးပြုပါ။ပါဝါပလပ်ကိုအဆုံးထိထိုးပါ။
- ထိုသို့မဟုတ်ပါက ဒဏ်ရာရခြင်း၊လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း သို့မဟုတ် မီးလောင်ခြင်း ဖြစ်စေနိုင်ပါသည်။

---

ဖုန်မှုန့်များကပ်တွယ်ခြင်းမရှိစေရန် ပါဝါပလပ်ကိုပုံမှန် သန့်ရှင်းရေးလုပ်ပါ။
- ပါဝါပလပ်ကိုဖြုတ်ပြီး ခြောက်တွေ့သောအဝတ်စဖြင့်သုတ်ပါ။
- ထိုသို့မဟုတ်ပါက လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ သို့မဟုတ် မီးလောင်ခြင်း ဖြစ်စေနိုင်ပါသည်။

---

ဆော့ကတ်ပေါက်သီးသန့်ဖြင့်အသုံးပြုပါ။မီးကြိုးရှည်ထပ်ဆင့်ဆွဲမသုံးပါနှင့်။
- ထိုသို့မဟုတ်ပါက လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ သို့မဟုတ် မီးလောင်ခြင်း ဖြစ်စေနိုင်ပါသည်။

## ⚠ သတိပေးချက်

Myanmar

ဤမီးပူကို(ကလေးများအပါအဝင်)ခန္ဓာကိုယ်ချို့တဲ့သူများ။
အာရုံကြောနှင့် စိတ်ပိုင်းဆိုင်ရာချို့တဲ့သူများ၊သို့မဟုတ် အသုံးပြုရန်
အတွေ့အကြုံနှင့် ဗဟုသုတမရှိသောသူများ၊ တာဝန်ရှိသူတစ်ဦးဦးမှ
အသုံးပြုပုံကို သင်ပြထားခြင်း မရှိသူများ အသုံးပြုရန် မသင့်လျော်ပါ။

- သို့မဟုတ်ပါက မတော်တဆဒဏ်ရာရတတ်ပါသည်။

---

မူမမှန်မှု သို့မဟုတ် ချို့ယွင်းမှုရှိပါက ပါဝါပလပ်ကို ချက်ချင်းရပ်၍
ဖြုတ်ပါ။

- ဆက်လက်အသုံးပြုပါက မီးလောင်ခြင်း၊လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ နိုင်သည် သို့မဟုတ်ထိခိုက်ဒဏ်ရာရခြင်းဖြစ်စေနိုင်သည်။ (ပုံမှန်မဟုတ်ခြင်းနှင့်ချို့ယွင်းချက်ဖြစ်ပေါ်ခြင်း)
- ပါဝါကြိုး ပျက်စီးနေခြင်း(ပွန်းပဲ့ခြင်း သို့မဟုတ် အတွင်းဝိုင်ယာ ကြိုးထွက်နေခြင်း)
- ကိုယ်ထည်၊ ပါဝါကြိုး၊ သို့မဟုတ် ပါဝါပလပ်သည် သာမန်မဟုတ် ဘဲ အပူလွန်ခြင်း၊ ပုံပျက်စီးနေခြင်း သို့မဟုတ် အရောင်လွင့်ပြယ် ခြင်းတို့ဖြစ်ပေါ်သည်။
- ပါဝါကြိုးရွှေ့လျားမိပါက မကြာခဏ ပါဝါမီးမလာတော့ခြင်း၊
- ပါဝါပလပ် သို့မဟုတ် ပါဝါကြိုးသည်မီးကျွမ်းရနံ့ထွက်လာခြင်း။
- တရားဝင်ကိုယ်စားလှယ်ဝန်ဆောင်မှုစင်တာတွင် ပြသစစ်ဆေး၍ ပြင်ပါ။

# ⚠ သတိပေးချက်



ပါဝါကြိုးပျက်စီးပါကအန္တရာယ်ကင်းစေရန်ထုတ်လုပ်သူဝန်ဆောင်မှုစင်တာ သို့မဟုတ် တတ်ကျွမ်းသူများထံမှ အသစ်ပြန်လည်လဲလှယ်ရမည်။

- ထိုသို့မဟုတ်ပါက မတော်တဆ သို့မဟုတ် ထိခိုက်ဒဏ်ရာရခြင်း ဖြစ်စေနိုင်ပါသည်။

---

ညီညာသောမျက်နှာပြင်ပေါ်တွင်သာတင်ရမည်။ မီးပူအားထောင်လျက်သားထားပါကထောင်ထားသောနေရာတွင်လှုပ်ရှားမှုမရှိစေဘဲတည်ငြိမ်နေရမည်။

- ထိုသို့မဟုတ်ပါကရေနွေးငွေ့ခေါင်းကိုထိခိုက်စေနိုင်ခြင်းသို့မဟုတ် မီးပူကိုပြုတ်ကျစေပြီးထိခိုက်ဒဏ်ရာရစေပါသည်။

---

အားကြိုးပါသောဆော့ကက်ပေါက်ကိုအသုံးပြုရမည်။

- ထိုသို့မဟုတ်ပါကမီးလောင်ခြင်းသို့မဟုတ်လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းကို ဖြစ်စေနိုင်ပါသည်။

## ⚠ wm;jrpfcsuf

Myanmar

မီးပူကိုပင်များအပ်များထည့်သွင်းမိပြီးအသုံးမပြုပါနှင့်သို့မဟုတ်ချုပ်
လက်စအဝတ်များ၊အပ်ကျန်နေသောအဝတ်စများနှင့်အသုံးမပြုပါနှင့်။

– လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊သို့မဟုတ်ထိခိုက်ဒဏ်ရာရစေနိုင်သည်။

---

မီးအပူပြားကိုခန္ဓာကိုယ်သို့မဟုတ်အခြားအရာဝတ္ထု များနှင့်နီးနီးကပ်ကပ်
မထားပါနှင့်။ရေနွေးပူများထွက်ကျဖိတ်စင်လာနိုင်ပါသည်။

– အနာအမာရွတ်သို့မဟုတ်ဒဏ်ရာဖြစ်စေနိုင်ပါသည်။

---

ချွင်းချက်ဖြစ်သောအဝတ်စများနှင့်အသုံးမပြုပါနှင့်။

– ပျက်စီးစေနိုင်ပါသည်။

---

မီးပူအေးသွားချိန်ထိစောင့်ဆိုင်းပြီးမှသိမ်းဆည်းပါ။

– အပူလောင်၍အမာရွတ်ဖြစ်စေနိုင်ပါသည်

---

ပါဝါကြိုးလိမ်လျက်သားဖြင့်မီးပူကိုမသိမ်းဆည်းပါနှင့်။

– ပါဝါကြိုးအတွင်းမှဝါယာများပေါက်ထွက်နိုင်ပြီးလျှပ်စစ်ရှော့ခ်
သို့မဟုတ်လျှပ်စီးကြောင်းပြတ်တောက်မှုကြောင့်မီးလောင်စေနိုင်ပါသည်။

---

ရေသိုလှောင်အကန့်တွင်ရေမွှေး၊အချဉ်ရည်၊အခြားဓာတုပစ္စည်းများ
မထည့်ပါနှင့်။ရိုးရိုးရေသို့မဟုတ်သန့်စင်ထားသည့်ရေကို
ထည့်သွင်းအသုံးပြုပါ။
ထိုသို့မဟုတ်ပါကအဝတ်များစွန်းထင်းခြင်းသို့မဟုတ်အရောင်လွင့်ခြင်း
တို့ဖြစ်စေနိုင်ပါသည်။

# ⚠ wm;jrpfcsuf


ဈေးကွက်တွင်းရောင်းချသောမီးပူအပိုပစ္စည်းများကိုဝယ်ယူ
အသုံးမပြုပါနှင့်။

- လုပ်ဆောင်ချက်ချွတ်ချော်ပြီးအဝတ်များပျက်စီးစေနိုင်ပါသည်။

---

မီးပူတိုက်နေစဉ်ပူသောမျက်နှာပြင်(မီးပူမျက်နှာပြက်ကျယ်၊မီးပူ၏အခြား
အစိတ်အပိုင်းနှင့်ဘေးပတ်လည်ပူသောနေရာများ)ကိုမထိပါစေနှင့်


- မိမိလက်၊ခြေထောက်စသည်တို့ကို
  မီးပူတိုက်ခုံအောက်သို့မထည့်ပါနှင့်။
- မီးပူကိုလက်၊ဒူးသို့မဟုတ်အခြားခန္ဓာကိုယ်အစိတ်ပိုင်း
  ပေါ်မတင်ပါနှင့်။
- မီးပူနှင့်မီးပူတိုက်ခုံတစ်ရုံတခါကပ်နေပါကရေပူလွှတ်ခလုပ်
  ကိုအသုံးမပြုပါနှင့်။
- ထိုသို့ပြုမိပါကအမာရွတ်ကျန်စေနိုင်ပါသည်။



---

အသုံးပြုနေစဉ်ရေပူငွေ့ကိုမထိမိပါစေနှင့်။

- ရေနွေးပူလက်၊ဒူးခေါင်း၊သို့မဟုတ်အခြား
  ခန္ဓာကိုယ်အစိတ်အပိုင်းများသို့ချိန်ရွယ်ပြီး
  မလွှတ်ပါနှင့်။
- ကိုယ်ပေါ်ဝတ်ထားသောအဝတ်ကိုမီးပူမတိုက်ပါနှင့်။
  ထို့ပြုမိပါကအမာရွတ်ကျန်ရစ်စေနိုင်ပါသည်။



---

ဖျာအခင်းသို့မဟုတ်ကြမ်းခင်းပေါ်တွင်မီးပူကိုမတင်ပါနှင့်။

- မီးပူ၊ဖျာအခင်းသို့မဟုတ်ကြမ်းခင်းပျက်စီးစေနိုင်ပါသည်။

# တားမြစ်ချက်

ပါဝါကြိုးလိမ်လျက်သားဖြင့်အသုံးမပြုပါနှင့်။
- ထိုသို့ပြုမိပါကပါဝါကြိုးထိခိုက်ခြင်း သို့မဟုတ်လျက်စစ်ရှော့ခ် သို့မဟုတ် မီးလောင်နိုင်သည်။

---

မီးပူကို ပါဝါကြိုးမှကိုင်လျက် မသယ်ပါနှင့်
- ထိုသို့ပြုမိပါကပါဝါကြိုးထိခိုက်ခြင်း သို့မဟုတ်လျက်စစ်ရှော့ခ် သို့မဟုတ် မီးလောင်နိုင်သည်။

---

မီးပူကိုဖော်ပြပါနေရာများတွင်မသုံးမပြုပါနှင့်။

အပူချိန်လွန်ကဲခြင်းသို့မဟုတ်စိုထိုင်းမှုဒဏ်မခံနိုင်သောနံရံသို့မဟုတ်
- ပရိဘောဂကိုပျက်စီးစေနိုင်သည်။

အပူချိန်လွန်ကဲခြင်း၊စိုထိုင်းဆမြင့်မားခြင်းဖုန်မှုန့်များခြင်း။
- ထိုသို့ပြုမူမိပါကမီးလောင်ခြင်းသို့မဟုတ်လျှက်စစ်ရှော့ခ်ကို ဖြစ်စေနိုင်ပါသည်။

မီးဖိုချောင်ကဲ့သို့ဆီမီးခိုးများရှိသောနေရာ။
- ထိုသို့မဟုတ်ပါကမီးပူသည်ဆီ၊မီးခိုးများကြောင့်သံကြေးတက်နိုင်သည်။ ထိခိုက်ဒဏ်ရာရခြင်းသို့မဟုတ်လျှပ်စစ်ရှော့ခ်နှင့်ဝါယာရှော့ခ်ကြောင့် မီးလောင်ခြင်းဖြစ်စေနိုင်သည်။
- မီးလောင်လွယ်သောဓာတ်ငွေ့များ။ ထိုသို့ပြုမိပါကမီးလောင်မှုကိုဖြစ်စေနိုင်ပါသည်။

---

ရေစိမ့်နိုင်သောလက်အိတ်များဝတ်ထားစဉ်ရေနွေးငွေ့ကို အသုံးမပြုပါနှင့်
- အနာအမာရွတ်ဖြစ်စေနိုင်ပါသည်။

---

ပါဝါဖွင့်ပြီးနောက်မီးပူကိုအသုံးမပြုမီစက္ကန့်၃၀စောင့်ပေးပါ။
- ထိုသို့မပြုလုပ်ပါကမီးလောင်ခြင်းနှင့်ထိခိုက်ဒဏ်ရာများ ရစေနိုင်ပါသည်။

# ⚠ တားမြစ်ချက်



မီးပလပ်ကို ဖြုတ်ရာ တွင် ပါဝါ ကြိုး မှ ကိုင် ၍ ဆွဲမဖြုတ်ပါနှင့် ။
ပလပ်ခေါင်းမှကိုင်၍ ဆွဲဖြုတ်ပါ ။
– ထိုသို့ မဟုတ်ပါက ပါဝါကြိုး ပျက်စီးနိုင်ပြီး မီးလောင်ခြင်း ၊
လျှပ်စစ်ရှော့ဖြစ်ခြင်း ၊ လျှပ်စီးကြောင်းပြတ်တောက်ခြင်းကြောင့်
မီးလောင်ခြင်း ဖြစ်စေနိုင်သည် ။

---

အသုံးပြုရာတွင် ဂရုစိုက်ပြီး အသုံးပြုရမည် ။
– ရေနွေးငွေ့ထုတ်လွှတ်ရာတွင် အပူလောင်တတ်သည် ။

---

ရေသိုလှောင် ကန့်ထဲတွင် ရေမပြည့်မှီ ပလပ်ကို ဆော့ကတ်ပေါက်မှ ဖြုတ်ထားရမည် ။ ထို့အတူ အသုံးမှီ သန့်ရှင်းရေး ပြုလုပ်နေစဉ် ရေများကို ဖယ်ထုတ်နေစဉ် ပါဝါပလပ်ကို ဖြုတ်ထားရမည် ။
– ထိုသို့မဟုတ်ပါက လျှပ်စစ်ရှော့ဖြစ်ခြင်း သို့မဟုတ် လျှပ်စစ်ကြားခံ ပျက်စီးခြင်းကြောင့် လျှပ်စီးယိုစိမ့် မှုဖြစ်ပြီး မီးလောင်စေနိုင်ပါသည် ။

---

အောက်ပါအဝတ်အစားအမျိုးစားများကို မီးပူတိုက်ရာတွင် မသိသာသောနေရာ ၊ သို့မဟုတ် မီးပူတိုက်မည့်အဝတ်စပေါ်တွင် မီးကျွမ်းအမှတ်မထင်ကျန်စေရန် အခြား အဝတ်စတစ်ခုခံ၍ စမ်းသပ်တိုက်ကြည့်ပါ ။
– ဈေးကြီးသောအဝတ်စ သို့မဟုတ် ဂရုစိုက် ရမည့် အဝတ်စများ
( ကတ္တီပါ စ ၊ အက်ခရီလစ်ချည်မျှင် ၊ နိုင်လွန် ၊ သားမွေး စသည်ဖြင့် )
– အပူခံနိုင်မှုအားနည်းသော သို့မဟုတ် အပူအသင့်အတင့်ခံနိုင်သော သို့မဟုတ် အရောင်နက် မှောင်သော အဝတ်စများ
– ထိုသို့ ပြုမိပါက အဝတ်စကို ပျက်စီးနိုင်သည် ။

## ⚠ တားမြစ်ချက်



မီး ပူတိုက် ရန်ရည်ရွယ်ထုတ်လုပ်သည့် အဝတ်အစားများ အတွက်သာ
အသုံးပြုရမည် ။
– ထိုသို့မဟုတ်ပါက ထိခိုက်ဒဏ်ရာ ရနိုင်သည်။

---

ဖော်ပြပါ နေရာများတွင်သိမ်းဆည်းခြင်းမပြုပါနှင့်။
- အပူချိန်မြင့်မားသောနေရာ သို့မဟုတ် စိုထိုင်းသောနေရာနှင့် မီးလောင်လွယ်သော ပစ္စည်းများရှိသောနေရာ
- ရေစိုနိုင်သောနေရာ

ထိုသို့ပြုလုပ်ခြင်းသည် ယိုယွင်းပျက်စီး ခြင်းသို့မဟုတ်
မီးပူကို မတော်တဆ ထိခိုက် မှုများဖြစ်စေနိုင်သည် ။

---

ညွှန်ကြားချက်များအတိုင်း ရေအကန့်ထဲသို့သေချာစွာဖြည့်ပါ။
( စာမျက်နှာ ၁၆တွင် ရေဖြည့်နည်းကိုကြည့်ပါ ။)

---


ညွှန်ကြားချက်များအတိုင်းမီးပူကို သန့်ရှင်းရေးပြုလုပ်နိုင်သည်။

( စာမျက်နှာ ၂၁ ကိုကြည့်ပါ ( သန့်ရှင်းခြင်း ) )


# အစိတ်အပိုင်းများအကြောင်းရှင်းပြခြင်း




## အဓိကကိုယ်ထည်




## ရေသိုလှောင်ကန်




## ရေနွေးငွေ့ခေါင်းနှင့်ရေသိုလှောင်ကန်




ပါဝါပလပ်အမျိုးစားများသည် သက်ဆိုင်ရာဒေသအလိုက်ကွဲပြားနိုင်ပါသည်။

# အသုံးပြုပုံ

Myanmar


ရေလှောင်ကန်ကိုရေမဖြည့်မှီ ပါဝါပလပ်ကိုဖြုတ်ထားပါ။

## ရေဖြည့်နည်း

မှတ်ချက်များ **a.** ရေပိုက်ခေါင်းမှတိုက်ရိုက်ရသော ရေ သို့မဟုတ် သတ္တု မြင့်မားသော ရေကိုအသုံးမပြုပါနှင့်။အသုံးပြုပါကပစ္စည်း၏ သက်တမ်းကိုထိခိုက်မည်ဖြစ်သည်။


**b.** ရေလှောင်ကန်သို့ပေါင်းခံရေ သို့မဟုတ် သန့်စင်သောရေကိုသာဖြည့်ပါ။

1. လက်ကိုင်ကိုပုံမှန်အနေထားသို့ ထားပါ။
   ရေထည့်သည့်အကန့်ကိုဖယ်၍နောက်သို့ ပြန်လှန်ပါ။
   ရေဝင်ပေါက်ကိုဖွင့်ပါ။ထို့နောက်သင့်လျော်သောရေပမာဏကိုဖြည့်ပါ။
   (၁၂၀ မီလီလီတာခန့်)




မှတ်ချက်များ လက်ကိုင်၏ အများဆုံးကွေးနိုင်သောအနေထားသည် ၈၀° ဖြစ်သ ည်။ လက်ကိုင်ကို သတ်မှတ်ထားသည်ထက် အလွန်ကျွံမကွေးပါနှင့်။ ထိုသို့မဟုတ်ပါက လက်ကိုင်ကိုကျိုးစေနိုင်သည်။

၂ . ရေအကန့်ရှိ ရေဝင်ပေါက်ကိုပိတ်ပါ။
နောက်သို့လှန်၍ မီးပူကို တပ်ဆင်ပါ။
(ကလစ်) အသံမကြားရမချင်း
ပင်မကိုယ်ထည် ၏နေရာအမှတ်
အသားနှင့်ရေလှောင်ကန်၏ နေရာ
အမှတ်သားကိုချိန်ညှိပါ။အသံကြားရ
သည်နှင့်ရေသိုလှောင်အကန့်သည်ပင်မကိုယ်ထည်နှင့်
လော့ဖြစ်သွားသည်ကိုညွှန်ပြသည်။



မှတ်ချက်များ


**a .** ရေသိုလှောင်ကန်သို့ရေထည့်သည့်အခါ ရေမလျှံကြစေရန် ဂရုစိုက်ပါ။
ကျန်ရှိနေပါက သုတ်ပါ။


**b .** ရေထည့်ပြီးနောက် ရေဝင်ပေါက်ကိုသေချာစွာပိတ်ပါ။

**c .** ရေသိုလှောင်ကန့်သည် ၁၂၀ မီလီလီတာခန့် ဆန့်သည်။
ထိုပမာဏ သည်၇ မိနစ်ဆက်တိုက်သုံးနိုင်သည်။


## ရေနွေးငွေ့မီးပူအသုံးပြုပုံ

(၁) ခလုတ်ကို ၀ ကိုဖြစ်ကြောင်းသေချာလျှင် သင့်လျော်
သော ပလပ်ခေါင်း သို့ပါဝါပလပ်ကိုထိုးပါ။






(၂) အဆင့်သတ်မှတ်ချက်ကို ("ꜱꜱꜱ") သို့ပြောင်းပါ။
ချက်ပြမီးသည်အနီရောင်သို့ပြောင်းသွားပြီး
အပူစတင်ပြီဖြစ်ကြောင်းပြသည် ။



(၃) အောက်ခံပြားမပူမချင်း အချက်ပြမီးမပိတ်မချင်း စက္ကန့်(၃၀)စောင့် ပါ ။
ထို့နောက် မီးပူကို စတင်အသုံးပြုနိုင်ပါသည်။




မှတ်ချက်များ : အပူပေးခြင်းမပြုမှီ အဆင့်သတ်မှတ်ချက်ကို
မရွေးချယ်ပါနှင့်။ မဟုတ်ပါက ရေယိုစိမ့်မှုဖြစ်သွားနိုင်သည် ။


Myanmar

".


(၄) အဆင့်သတ်မှတ်ချက်ကို (  ) သို့ပြောင်းပါ ။ ထို့နောက် မီးပူကို စတင်အသုံးပြုနိုင်ပါသည် ။




- မီးပူကို အသုံးပြုနေစဉ် မီးပူသည် ပူနေပြီဖြစ်ကြောင်း ညွှန်ပြချက်သည် ခဏတာ လင်းလာနိုင်သည် ။
- မီးပူကို ပါဝါ ဖွင့်ပြီးလျှင် ရေနွေးငွေ့များ ချက်ချင်း မထွက်လာနိုင်ခြင်းဖြစ်နိုင်သည်။ ဤဖြစ်စဉ်သည် ပုံမှန်ဖြစ်သည်။
- အသုံးပြုနေစဉ် ရေထည့်လိုပါက ပါဝါပလပ်ကို အရင်ဖြုတ်ပါ။ မီးပူကို အပူပေးနေစဉ် သို့မဟုတ် အသုံးပြုနေစဉ် အတွင်းအထည်ပြောင်းနေစဉ်အတွင်း မီးပူကို ဘေးစောင်းလှဲထားပါ။




(၅) အသုံးပြုပြီးပါက အဆင့်သတ်မှတ်ချက်ကို "၀" သို့ ထား ပါ ။ ပါဝါပလပ်ကို ဖြုတ်၍ ပါဝါပေးခြင်းကို ရပ်တန့် လိုက်ပါ ။







Myanmar

- မီးပူကို ကိုင်ဆောင်သည့်ပုံစံများယွင်းနေလျှင် ရေလှောင်အကန့်မှရေကို မထောက်ပံ့နိုင်၍ အငွေ့မထွက်လာနိုင်ပါ။



## ရေနွေးငွေ့ပြန်းပေးပုံ




ရေယိုစိမ့်ခြင်း သို့မဟုတ် ရေနွေးငွေ့နည်းလာသော အခါရေနွေးငွေ့ခလုတ်ကို မနှိပ်ပဲ တစ်မိနစ် စောင့်ပါ ။

မှတ်ချက်များ

၁.ညွှန်ကြားချက်ကို (  ) သို့ပြောင်းသောအခါ အငွေ့ထွက်ခြင်း ၅ စက္ကန့်ခန့်ရပ်သွားမည်ဖြစ်သည် ။ဤအချိန်အတွင်း မီးပူကိုခန္ဓာကိုယ် နှင့် အဝေးတွင်ထားပါ။


၂.ပါဝါပလပ်ကိုဖြုတ်ပြီးသောအခါတွင်အငွေ့အနည်းငယ်ထုတ်လွှတ်နိုင်သည်။ဤလက္ခဏာသည်ချွတ်ယွင်းခြင်းမဟုတ်ပါ။

၃.အသုံးပြုနေစဉ်အခန်းတွင်းအပူချိန်သို့မဟုတ် အခန်းတွင်း အလင်းရောင်ကြောင့် ရေနွေးငွေ့ကိုမမြင်နိုင်ပါ ။


# အသုံးပြုပြီး

Myanmar


သန့်စင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းအတွက်
အောက်ပါနည်းလမ်းများကို လိုက်နာပါ။




(၁) ရေသိုလှောင်ကန်မှရေများကို ထုတ်ခြင်း




၁. ပါဝါပလပ်ကိုဖြုတ်ပါ ။
၂. ကျန်ရှိနေသောရေများကိုထုတ်၍ ရေဝင်ပေါက်ကိုပိတ်ပါ ။




(၂) ကျန်ရှိနေသောရေများကိုသန့်စင်ခြင်း



၁. ပါဝါပလပ်ကိုသင့်လျော်သောပလပ်ခေါင်းတွင် တပ်ဆင်ပါ။
၂. ညွှန်ကြားချက်ကို ( ) သို့ပြောင်း၍ အချက်ပြမီးမပိတ်မချင်း စက္ကန့် ၃၀ စောင့်ပီးလျှင် ညွှန်ကြားချက်ကို( ) သို့ပြောင်း၍ မီးပူကိုဖွင့်ပါ။



၃. ရေနွေးငွေ့ခေါင်းမှ အငွေ့များ ကုန်သွားသည်ထိ စောင့်ပါ ။ထို့နောက် မီးပူကိုပိတ်၍ပါဝါပလပ်ကို ဖြုတ်ပါ ။



မှတ်ချက်များ လုံခြုံသောနေ ရာတွင် ထားပါ ။
– မီးပူလုံးဝအေးသွားသည်ထိ စောင့်၍ ဗီရို (သို့မဟုတ်) အံဆွဲတွင်သိမ်းဆည်းနိုင်သည် ။


# သန့်ရှင်းခြင်း

မှတ်ချက်များ

၁. အသုံးပြုပြီးသော အခါ မီးပူကိုသန့်ရှင်းရေးမလုပ်မီ စက္ကန့် ၆၀ ခန့် အေးအောင်ထားပါ ။

၂. မီးပူကို တင်နာ၊ သန့်စင်ဆေးရည်များဖြင့် သန့်ရှင်းခြင်းးမပြုရပါ။ ထိုသို့ပြုလုပ်ခြင်းသည်မီးပူကိုထိခိုက်စေနိုင်သည်။

Myanmar



. အဓိကကိုယ်ထည်ကိုသန့်စင်ခြင်း

ချွတ်ရခက်သော အစင်းများအတွက် နူးညံ့သော အဝတ်စကိုဆပ်ပြာရည်ထဲသို့နှစ်၍ကိုယ်ထည်ကို သန့်စင်နိုင်သည် ။



. အောက်ခံအပူပြားကိုသန့်စင်ခြင်း

ရေနွေးငွေ့ခေါင်း၏ မျက်နှာပြင်ပေါ်တွင်ကော် (သို့မဟုတ်) တုတ်ချောင်းကပ်နေပါက စိုစွတ်သောအဝတ်ဖြင့် သုတ်ပါ။

. ရေနွေးငွေ့ထွက်ပေါက်များကို သန့်စင်ခြင်း

ရေနွေးငွေ့အပေါက်များပိတ်ဆို့နေပါက ကျွမ်းကျင်သော အေးဂျင့်များထံသို့သွားပါ ။

# အသေးစိတ်အချက်လက်များ

| | |
|---|---|
| မော်ဒယ် | NI-GHF025 |
| မီးအား<br>မီးသုံးစွဲအား | 220-240 V ～　50-60 Hz |
| အလေးချိန်<br>အတိုင်းအတာ | 1 300-1 570 W |
| ကြိုးအရှည် | 0.8 kg |
| | 76 x 302 x 50 mm |
| ရေဝင်ဆန့်နိုင်<br>သောပမာဏ | 120 mL |
| | 1.8 m |

# ပြဿနာအဖြေရှာခြင်း

| ပြဿနာ | | အကြောင်းအရာ | အဖြေ |
|---|---|---|---|
| ရေနွေးငွေ့ မထွက်ခြင်း (သို့မဟုတ်) ရေနွေးငွေ့ အားနည်း ခြင်း | ► | မီးပူအပြည့်အဝမပူခြင်း | ပစ္စည်းကို အသုံးမပြုမီ စက္ကန့် ၃၀ စောင့်ပါ။ |
| | ► | ရေနွေးငွေ့ခလုတ်ကိုနှိပ် မရခြင်း | ပါဝါပလပ်ကိုချိတ်၍ ရေနွေးငွေ့ခလုတ်ကိုနှိပ်ပါ။ |
| | ► | ရေသိုလှောင်ကန်တွင် ရေမလုံလောက်ခြင်း | ရေသိုလှောင်ကန်တွင် ရေဖြည့်ပါ။(စာမျက်နှာ ၁၆မှ ရေဖြည့်နည်းကဲ့သို့) |
| | ► | မီးပူကိုမှားယွင်းစွာ အသုံးပြုခြင်း ဥပမာ မီးပူသည်စောက်ထိုး ဖြစ်နေခြင်း (သို့မဟုတ်) အလျားလိုက်ဖြစ်နေခြင်း၊ ရေနွေးငွေ့ခေါင်းအပေါ်သို့ မျက်နှာမူ နေခြင်း | မီးပူ၏ရေနွေးငွေ့ခေါင်းကို လမ်းကြောင်းမှန်ကန်စွာ အသုံး ပြုပါ။ |
| | ► | ရေဝင်ပေါက်ခေါင်းရှိ လေဝင်ပေါက်ပိတ်ဆို့နေခြင်း | တုတ်ချောင်း (သို့မဟုတ်) သွားကြားထိုးတံ ဖြင့်လေဝင် ပေါက်ကိုဖွင့်နိုင်သည်။ |
| | ► | ဆားကစ် ပျက်ခြင်း (သို့မဟုတ်) ဖျူစ်းပျက်ခြင်း | မီးပူကိုတရားဝင်ခွင့်ပြုထား သော ဝင်ဆောင်မှုစင်တာ သို့ပို့ပါ။ |

# Trouble-shooting

| ပြဿနာ | | အကြောင်းအရာ | အဖြေ |
|---|---|---|---|
| ရေယိုစိမ့်ခြင်း | ▶ | အတွင်းရှိပိုက်များချောင်နေခြင်း (သို့မဟုတ်) ထိခိုက်နေခြင်း | မီးပူကိုပြင်ရန်အတွက် တရားဝင်ခွင့်ပြုထားသော ဝန်ဆောင်မှုစင်တာသို့ပို့ပါ။ |
| | ▶ | မီးပူအပြည့်အဝမပူခြင်း | ပစ္စည်းကိုအသုံးမပြုမီ စက္ကန့် ၃၀ စောင့်ပါ။ |
| မီးပူမှအသံထွက်ခြင်း | ▶ | ရေသိုလှောင်ကန်ထဲတွင် ရေမရှိသော အခါ အသံထွက်ခြင်း | ရေသိုလှောင်ကန်တွင် ရေဖြည့်ပါ။ (စာမျက်နာ ၁၆မှ ရေဖြည့်နည်းကဲ့သို့) |
| | ▶ | မီးပူကို မှားယွင်းစွာအသုံးပြုခြင်း ဥပမာ မီးပူသည် ဖောက်ထိုး ဖြစ်ခြင်း (သို့မဟုတ်) အလျားလိုက် ဖြစ်ခြင်း ရေနွေးငွေ့ခေါင်း အပေါ်သို့မျက်နှမူနေခြင်း | မီးပူ၏ ရေနွေးငွေ့ခေါင်းကို လမ်းကြောင်းမှန်ကန်စွာ အသုံးပြုပါ။ |
| | ▶ | အတွင်းရှိပိုက်များချောင်နေခြင်း(သို့မဟုတ်) ပိတ်နေခြင်း | မီးပူကိုပြင်ရန်အတွက် တရားဝင်ခွင့်ပြုထားသော ဝန်ဆောင်မှုစင်တာသို့ပို့ပါ။ |
| ဖြေရှင်းချက်များကိုလိုက်နာသော်လည်း ပြဿနာ များဆက်လက်ကြုံတွေ့လျှင် | | | |